**သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** - သမ္ပဒါန်ပါဌ်ဖြင့် စိတ်တခုယုတ် ၉၀၊ စေတသိက် ဒွေပညာသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားပြ၏။

**ဣန္ဒြိယပစ္စယေန** - ကရိုဏ်းပါဌ်ဖြင့် ပြိုင်-ယထာ ဣန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၁၄-ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ဈာနပစ္စည်း

**ဈာနပစ္စယောတိ**—

> ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ-
> သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဈာနင်္ဂါနိ-ကတ္တားဖြင့် ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားကို ပြ၏။

**ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ** ဟူသော သမ္ပဒါန်ဖြင့် ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၉-ခု၊ စေတသိက် ဒွေပညာသ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရား ပြ၏။

**ဈာနပစ္စယေန** - ကရိုဏ်းဖြင့် ပြိုင်-ယထာ ဈာန, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၁၁-ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟု

ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## မဂ္ဂပစ္စည်း

**မဂ္ဂပစ္စယောတိ—**

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂင်္ဂါနိ-ကတ္တားဖြင့် ပညာ, ဝိတက်, ဝိရတီ ၃-ခု, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး ပစ္စည်းတရား ပြ၏။

**မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ**-သမ္ပဒါန် ဖြင့် သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေ ကမ္မဇ ရုပ် ပစ္စယုပ္ပန်တရား ပြ၏။

မဂ္ဂပစ္စယေန-ကရိုဏ်းဖြင့် ပြိုင်-ယထာ မဂ္ဂ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, ဈာန, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ၁၃-ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

## သမ္ပယုတ္တပစ္စည်း

**သမ္ပယုတ္တပစ္စယောတိ—**

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

**စတ္တာရော ခန္ဓာ အရူပိနော-ကတ္တား**ဖြင့် ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာအားတပ်သော တပါး, တပါးသော နာမက္ခန္ဓာ၊ တပါး, တပါးသော နာမက္ခန္ဓာအားတပ်သော ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာ၊ ၂-ပါး, ၂-ပါးသော နာမက္ခန္ဓာအားတပ်သော ၂-ပါး, ၂-ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား ပြ၏။

**အညမညံ** သမ္ပဒါန်ဖြင့် ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာ၊ တပါး, တပါးသော နာမက္ခန္ဓာ၊ ၂-ပါး, ၂-ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ပြ၏။

**သမ္ပယုတ္တပစ္စယေန-ကရိုဏ်း**ဖြင့် ပြိုင်-သမ္ပယုတ္တ, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ၊ အချင်းချင်းအားတပ်သော ဝိပါက် နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားဖြစ်အံ့ – ပြိုင်-သမ္ပယုတ္တ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အတ္ထိ, အဝိဂတ ၇-ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ဝိပ္ပယုတ္တပစ္စည်း

**ဝိပ္ပယုတ္တပစ္စယောတိ** —

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

**(သဟဇာတဝိပ္ပယုတ္တ ဖြစ်အံ့) ရူပိနော ဓမ္မာ-ကတ္တားဖြင့်** ဟဒယဝတ္ထု ပစ္စည်းတရား ပြ၏။

**အရူပိနံ ဓမ္မာနံ** သမ္ပဒါန်ဖြင့် ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားပြ၏။

**ဝိပ္ပယုတ္တပစ္စယေန**-ကရိုဏ်းဖြင့် ပြိုင်-ဝိပ္ပယုတ္တ, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူး ပြုဟန်ကို ပြတော်မူ၏။

**(ပုရေဇာတဝိပ္ပယုတ္တ ဖြစ်အံ့) ရူပိနော ဓမ္မာ**- ကတ္တားဖြင့် ဆဝတ္ထုပစ္စည်းတရားကို ပြ၏။

**အရူပိနံ**- သမ္ပဒါန်ဖြင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန် တရားပြ၏။

**ဝိပ္ပယုတ္တပစ္စယေန**- ကရိုဏ်းပါဌ်ဖြင့် ဝိပ္ပယုတ္တ, နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၅-ပစ္စယသတ္တိ၊

မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၅-ချက်, တဒါရုံအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ဖြစ်အံ့–ပြိုင်- ဝိပ္ပယုတ္တ, အာရမ္မဏ,နိဿယ,ပုရေဇာတ,အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိ၊

အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အား တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ် မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်

သော ဟဒယဝတ္ထုပစ္စည်းတရားဖြစ်အံ့ – ပြိုင်-ဝိပ္ပယုတ္တ, အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၈-ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိ၊

ဒွေပဉ္စဝိညာဉ် ၁၀-အား တပ်သော မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃-ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုပစ္စည်းတရားဖြစ်အံ့ – ဝိပ္ပယုတ္တ, နိဿယ, ပုရေဇာတ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ၆-ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**(သဟဇာတဝိပ္ပယုတ္တ ဖြင်အံ့) အရူပိနော ဓမ္မာ** ကတ္တားဖြင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၇၅၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ပစ္စည်းတရားကို ပြတော်မူ၏။

**ရူပီနံ ဓမ္မာနံ**- သမ္ပဒါန်ပါဌ်ဖြင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

**ဝိပ္ပယုတ္တပစ္စယေန**- ကရိုဏ်းဖြင့် ပြိုင်-ယထာ ဝိပ္ပယုတ္တ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အတ္ထိ, အဝိဂတ ၇-ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

**(ပစ္ဆာဇာတဝိပ္ပယုတ္တ ဖြင်အံ့) အရူပိနော ဓမ္မာ**- ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု

ကြဉ်သော ပဌမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး ပစ္စည်းတရားကို ပြတော်မူ၏။

ရူပိနံ ဓမ္မာနံ-သမ္ပဒါန်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဝိပ္ပယုတ္တပစ္စယေန-ကရိုဏ်းဖြင့် ပြိုင်-ဝိပ္ပယုတ္တ, ပစ္ဆာဇာတ, အတ္ထိ, အဝိဂတ ၄-ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံဟန်ကို ပြတော်မူ၏။

## အတ္ထိ နှင့် အဝိဂတပစ္စည်း

**အတ္ထိပစ္စယောတိ—**

### ၁-သဟဇာတတ္ထိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂-ဝတ္ထုပုရေဇာတတ္ထိ

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၃-အာရမ္မဏပုရေဇာတတ္ထိ

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ-သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာ-ယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနော-ဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

**အရကောက်–** သဟဇာတတ္ထိ = သဟဇာတနှင့် တူ၏၊ ပုရေဇာတတ္ထိ=အာပု, ဝတ်ပု ၂-မျိုးလုံး ပုရေဇာတနှင့်တူ၏။

အဝိဂတပစ္စည်း အတ္ထိပစ္စည်းနှင့် တူ၏။

ပစ္ဆာဇာတအာဟာရဣန္ဒြိယဝသေနာပိ အတ္ထိ-ပစ္စယော လဗ္ဘတိ၊ ဣဓ ပန သာဝသေသဝသေန ဒေသနာ ကတာ။

## နတ္ထိနှင့် ဝိဂတပစ္စည်း

**နတ္ထိပစ္စယောတိ–**

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

**ဝိဂတပစ္စယောတိ—**

> သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာ- နံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

ကတ္တားဖြင့် ရဟန္တာစုတိကြဉ်သောစိတ် ၈၉၊ စေတသိက် ၅၂-နာမက္ခန္ဓာ ၄-ပါး ပစ္စည်းတရားပြ၏။

သမ္ပဒါန်ဖြင့် ရဟန္တာစုတိနှင့်တကွ စိတ် ၈၉၊ စေတသိက် ၅၂-နာမက္ခန္ဓာ ၄-ပါး ပစ္စယုပ္ပန်တရားပြ၏။

နတ္ထိပစ္စယေန-ကရိုက်ား ပါဠ်ဖြင့် ပြိုင်-ယထာ နတ္ထိ,အနန္တရ, သမနန္တရ, ဥပနိဿယ,အာသေဝန,ကမ္မ,ဝိဂတ ၇-ပစ္စယသတ္တိ တို့တွင် နတ္ထိ သတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေး ဇူးပြုဟန်ကို ပြတော်မူ၏။ ဝိဂတပစ္စည်းတူ၏။

ပစ္စယနိဒ္ဒေသဝါရ ပြီးပြီ။

# ကုသလတိက ပဋ္ဌာန် အနုလုံ
# ဝိသဇ္ဇနာဝါရ

## နမော ပဋ္ဌာနဓမ္မဒေသကဿ
## အနန္တနယသာမိနော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ

ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာဝါရကို ဟောတော်မူ၏၊ ထိုဝိသဇ္ဇနာဝါရသည်လည်း—

၁။ ဓမ္မအနုလုံ,

၂။ ဓမ္မပစ္စနိက်,

၃။ ဓမ္မအနုလောမပစ္စနိက်,

၄။ ဓမ္မပစ္စနိယာနုလောမ–

အားဖြင့် ၄-ပါး အပြားရှိ၏။ ထို ၄-ပါးတို့တွင် ဓမ္မအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဓမ္မအနုလုံသည်လည်း—

၁။ တိကပဋ္ဌာန်း,

၂။ ဒုကပဋ္ဌာန်း,

၃။ ဒုကတိကပဋ္ဌာန်း,

၄။ တိကဒုကပဋ္ဌာန်း,

၅။ တိကတိကပဋ္ဌာန်း,

၆။ ဒုကဒုကပဋ္ဌာန်း–

အားဖြင့် ၆-ပါး အပြားရှိ၏။ ထို ၆-ပါးတို့တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူ၏။ ထို တိကပဋ္ဌာန်းသည်လည်း ကုသလတိက်, ဝေဒနာတိက် အစရှိသောအားဖြင့် ၂၂-ပါး အပြားရှိ၏။ ထို ၂၂-ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလတိက်သည်လည်း -

၁။ ပဋိစ္စဝါရ,

၂။ သဟဇာတဝါရ,

၃။ ပစ္စယဝါရ,

၄။ နိဿယဝါရ,

၅။ သံသဋ္ဌဝါရ,

၆။ သမ္ပယုတ္တဝါရ,

၇။ ပဉှာဝါရ-

အားဖြင့် ၇-ပါး အပြားရှိ၏။ ထို ၇-ပါးတို့တွင် ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ပဋိစ္စဝါရသည်လည်း—

၁။ ပစ္စည်းအနုလုံ,

၂။ ပစ္စည်းပစ္စနိက်,

၃။ ပစ္စည်းအနုလောမပစ္စနိက်,

၄။ ပစ္စည်းပစ္စနိယာနုလောမ-

အားဖြင့် ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပစ္စည်းအနုလုံသည်လည်း—

၁။ ဝိဘင်္ဂဝါရ,

၂။ သင်္ချာဝါရ – အားဖြင့် ၂-ပါး အပြားရှိ၏။

ထို ၂-ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဝိဘင်္ဂဝါရသည်လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ, အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် ၂၃-ပါး အပြားရှိ၏။ ထို ၂၃-ပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရသည်လည်း –

၁။ ကုသလပဒ,

၂။ အကုသလပဒ,

၃။ အဗျာကတပဒ,

၄။ ကုသလာဗျာကတပဒ,

၅။ အကုသလာဗျာကတပဒ – အားဖြင့် ၅-ပါး အပြားရှိ၏။ ထို ၅-ပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည်လည်း –

၁။ ကုသလပဒါဝသာန,

၂။ အဗျာကတပဒါဝသာန,

၃။ ကုသလာဗျာကတပဒါဝသာန – အားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ကုသလပဒါဝသာနသည်လည်း ဝိဓိ, အနုဝါဒ – အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား –

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု-ပစ္စယာ - ဟူသည်တည်း၊ ထိုနောင် အနုပါဒကို ဟောတော်မူ၏၊ ဟောဟန်ကား—

ကုသလံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊
တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊
ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ–

ဟူသည်တည်း။

ဆောင်။ ။ဓမ္မ,တိက၊ ဝါရ, ပစ္စည်း၊ ဟောနည်းစဉ်ပြ၊ ဝိဘင်္ဂ,သချာ၊ ဤမျှသာ၊ ဆောင်ပါဟော ရိုးစစ်။

## ပဋိစ္စ အနုလုံ ဝိဘင်္ဂဝါရ အကျဉ်းကောက်

### ၁-ဟေတုပစ္စည်း

(၁) ကု·ကု ၃–ကတ္တားအရကား–ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ - ဟူသော ဟိတ်ပါဋ်အရကား— သမ္ပ-ယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတ္တံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ - ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

(၂) ကု-ဗျာ ၌— ကတ္တားအရကား— ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ၈-ပါး၊ စေတသိက်အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား— သဟိတ် စိတ္တဇရုပ်အားတပ်သော ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ၈-ပါး၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ—ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

(၃) ကု-ကုဗျာ ၌—— ကတ္တားအရကား— ပဋိစ္စဝါကာရ ဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ၈-ပါး၊ စေတသိက် အဋ္ဌတိံသ အစိတ်စိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော ကုသိုလ် စိတ် ၈-ပါး၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည်ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား— သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ၈-ပါး၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ— ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

(၄) **အကု-အကု** ၌— ကတ္တားအရကား—အကုသိုလ်စိတ် ၁၂-ပါး၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကို

စွဲ၍ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ မောဟမူဒွေ၌ မောဟ ကြဉ်သော စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ - ဟူသော ဟိတ်ပါဠ်၏အရကား — သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူ ဖြစ်အံ့ မောဟ–ဤဟိတ် ၁-ပါး, ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

အမှာ။　　။မောဟမူဒွေ၌ မောဟကို ဟေတု၌သာ ကြဉ်ရ၏၊ အခြားပစ္စည်းများ မကြဉ်ရ။

(၅) အကု-ဗျာ၌ – ကတ္တားအရကား – ပဋိသန္ဓေ ပဝတ္တိကာလ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠ်၏ အရကား – သဟိတ် စိတ္တဇရုပ်အား တပ်သော ပဝတ္တိကာလ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏတခု တခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူ ဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့ မောဟ—ဤဟိတ် ၁-ပါး, ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

(၆) အကု-အကုဗျာ ၌— ကတ္တားအရကား—ပဝတ္တိကာလ၌ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက်

သတ္တဝီသ အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ မောဟမူဒွေ့ ဌ မောဟကြဉ်သော စေတသိက် သတ္တဝီသ အစိတ် အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠ်၏ အရကား— သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့ မောဟ—ဤဟိတ် ၁-ပါး, ၂ ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

(၇) ဗျာ-ဗျာ ၌— ပဝတ္တိအခါ ကတ္တားအရကား— သဟိတ်ဝိပါက် ဧကဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော သဟိတ် ဝိပါက် ဧကဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသောဟိတ်ပါဠ်၏အရကား— သမ္ပယုတ္တက္ခန္ဓာအားရင်း, သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အားရင်း တပ်သော သဟိတ်ဝိပါက်ဧကဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ—ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

ပဋိသန္ဓေအခါ ကတ္တားအရကား — သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်၊ အစိတ် အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော သဟိတ် ပဋိသန္ဓေသတ္တရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏ အရကား — သမ္ပ-ယုတ္တက္ခန္ဓာအားရင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုဘခုဌ်ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ အမောဟ — ဤဟိတ် ၂-ပါး၊ ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။

ရုပ်သက်သက်ဖြစ်အံ့ —ဗျာ-ကတ္တားအရကား — ပဉ္စဝေါ-ကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ရဟန္တာစုတိ ကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်-ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ် စိတ္တဇမဟာဘုတ်၊ သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ ဘေရသ တို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော သဟိတ်စိတ္တဇဥပါဒါ၊ သဟိတ်ကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား — သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ပဉ္စ-ဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ရဟန္တာ တို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက်

သဟိတ်ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏတခု တခု၌ ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူ ဖြစ်အံ့ မောဟ–ဤဘိဟ် ၁-ပါး, ၂-ပါး, ၃-ပါး ပစ္စည်းတရား တို့၏ ဟေတုသတ္တိ ရ၏။

(ဂ) ကုဗျာ-ဗျာ ၌—– ကတ္တားအရကား– ပဋ္စဝေါ-ကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ, အစိတ် အပေါင်း မဟာဘုတ်ကို စွဲ၍ ဖြစ်သော ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဠိ၏အရကား–သဟိတ် စိတ္တဇရုပ်အားတပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ် အပေါင်းနာမက္ခန္ဓာ စိတ္တက္ခဏတခု တခု၌ရှိသော ဒွိဟိတ် ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ–ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရား တို့၏ ဟေတုသတ္တိ ရ၏။

(ဃ) အကုဗျာ-ဗျာ ၌—–ကတ္တားအရကား – ပဋ္စဝေါ-ကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊စေတသိက် သတ္တဝီသ ဒွစိတ် အပေါင်း နာမက္ခန္ဓာ, အစိတ် အပေါင်း မဟာဘုတ်ကို စွဲ၍ဖြစ်သော အကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယာ-ဟူသော ဟိတ်ပါဌ်၏အရကား – သဟိတ် စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခု တခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ, မောဟ၊ ဒေါသမူ ဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့ မောဟ – ဤဟိတ် ၁-ပါး, ၂-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရ၏။

မှတ်ချက်။ ။ဟေတုပစ္စည်းတွင် စုံလင်နိုင်သမျှ စုံလင်အောင် အရကောက် ဟောရိုးကို ပြဆိုခဲ့ပြီဖြစ်၍ တူရာ ကိုချန်ထား, ထူးရာမျှကိုသာ အကျဉ်းအားဖြင့် ညွှန်ပြပေတော့အံ့၊ သောတုဇနအများ မှတ် သားမှု လွယ်စေရန် ချုပ်စဉ်အတိုင်းသာ ပြဆို ပါမည်။

## ၂ – မဂ္ဂပစ္စည်း

(၁) ကု-ကု ၌-ကတ္တား အရကား — ဟေတု အတိုင်း ကောက်ပါ။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ်အရကား— သမ္ပယုတ္တက္ခန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ, ဝိတက်, ဝိရတိ ၃,ဝီရိယ, သတိ, ဧကဂ္ဂတာ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

(၂) ကု-ဗျာ ၌-ကတ္တားအရကား – ဟေတုနှင့် တူကုန်၏။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ် အရကား – သဟိတ်စိတ္တဇရုပ်အား တပ်သော (လ) မဂ္ဂသတ္တိ ရ၏။

(၃) ကု·ကုဗျာ ဌ·ကတ္တားအရကား – ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ — ဟိတ်ပါဌ် အရကား — သမ္ပယုတ္တက္ခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော (လ)မဂ္ဂသတ္တိ ရ၏။

(၄) အကု·အကု ဌ·ကတ္တားအရကား – အကုသိုလ် ၁၂၊ စေ ၂၇·အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကု· ၁၂၊ စေ ၂၇·အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ် အရကား—သမ္ပယုတ္တက္ခန္ဓာအား တပ်သော အကုသိုလ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄·ပါး ပစ္စည်းတရား တို့၏ မဂ္ဂသတ္တိ ရ၏။

(၅) အကု·ဗျာ ဌ·ကတ္တားအရကား – ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ် အရကား – သဟိတ်စိတ္တဇရုပ်အား တပ်သော (လ) မဂ္ဂင်တရားကိုယ် ၄·ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

(၆) အကု·အကုဗျာ ဌ·ကတ္တားအရကား – (မောဟမူ၌ မောဟမကြဉ်ရ) ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ·ဟိတ်ပါဌ်အရကား – သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်အားတပ်သော (လ) မဂ္ဂသတ္တိ ရ၏။

(၇) ဗျာ·ဗျာ ဌ·ပဝတ္တိအခါ ကတ္တားအရကား – ဟေတု နှင့် တူ၏။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ်အရကား–မဂ္ဂင်တရားကိုယ် ၈-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

ပဋိသန္ဓေအခါ ကတ္တားကား – ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ-ဟိတ်ပါဌ်အရကား— သမ္ပယုတ္တခန္ဓာအားရင်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက် ပဥ္စတိံသ စိတ္တက္ခဏ တခု တခု၌ရှိသော ပညာ, ဝိတက်, ဝီရိယ, သတိ, ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။ ရုပ်သက်သက်ဖြစ်အံ့ ကတ္တားကား ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ – ဟိတ်ပါဌ် အရကား—သဟိတ် စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်,အကုသိုလ်, သဟိတ်ဝိပါက်, သဟိတ် ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏတခုတခု၌ရှိသော ပညာ,ဝိတက်, ဝိရတီ ၃, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင် တရားကိုယ် ၉-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

(၈) ကုဗျာ·ဗျာ ၌ – ကတ္တားကား – ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ- ဟိတ်ပါဌ်အရကား – သဟိတ်စိတ္တဇရုပ်အား တပ်သော (လ) မဂ္ဂင်တရားကိုယ် ၈-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

(၉) အကုဗျာ·ဗျာ၌ – ကတ္တားကား – ဟေတုနှင့် တူ၏။

မဂ္ဂပစ္စယာ- ဟိတ်ပါ၌အရကား— သဟိတ်စိတ္တဇရုပ်အား တပ်သော (လ) မဂ္ဂင်တရားကိုယ် ၄-ပါး ပစ္စည်းတရားတို့၏ မဂ္ဂသတ္တိ ရ၏။

### ၃-ဈာနပစ္စည်း

(၁) ကု-ကု
(၂) ကု-ဗျာ
(၃) ကု-ကုဗျာ
} ၃ ချက်လုံး ကတ္တား-ဟေတုနှင့် တူ၏၊ ဟိတ်ပါ၌အရ ဈာနင် တရားကိုယ် ၅-ပါးကိုကောက်ပါ။

(၄) အကု-အကု
(၅) အကု-ဗျာ
(၆) အကု-အကုဗျာ
} ၃-ချက်လုံး ကတ္တား-ဟေတုနှင့် တူ၏၊ ဟိတ်ပါ၌အရ ဈာနင်တရားကိုယ် ၅-ပါးကိုကောက်ပါ။

(၇) ဗျာ-ဗျာ၌— ပဝတ္တိအခါ ကတ္တားပါ၌ အရကား— (ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော ဝိပါက်စိတ် ဆဗ္ဗိသ၊ ကြိယာဝိသ) ကောက်ရုံမျှသာ ထူး၏။

ပဋိသန္ဓေအခါ ဖြစ်အံ့ ပဋိသန္ဓေစိတ် ကျေနဝိသကောက်ပါ။

ရုပ်သက်သက် ဖြစ်အံ့ အားလုံး တူ၏၊ ဟိတ်ပါ၌ ဈာနင် ၅-ပါးသာ ကောက်ပါ။

(၈) ကုဗျာ-ဗျာ
(၉) အကုဗျာ-ဗျာ
} ကတ္တား - ဟေတုနှင့် တူ၏၊ ဟိတ်ပါ၌ ဈာနင် ငါးပါး ကောက်ပါ။

## ၄-အာဟာရပစ္စည်း

(၁) ကု-ကု
(၂) ကု-ဗျာ
(၃) ကု-ကုဗျာ

} ၃-ချက်လုံး ကုသိုလ်တရား-ဟေတုနှင့် တူ၏၊ ဟိတ်ပါဠိအရ နာမ်အာဟာရ တရားကိုယ် ၃-ပါးပစ္စည်းတရားတို့၏ နာမ်အာဟာရသတ္တိ ရ၏။

(၄) အကု-အကု
(၅) အကု-ဗျာ
(၆) အကု-အကုဗျာ

} ၃-ချက်လုံး ကုသိုလ်တရားတူ၏၊ ဟိတ်ပါဠိ နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ နာမ်အာဟာရ သတ္တိရ၏။

(၇) ဗျာ-ဗျာ ပဝတ္တိဖြစ်အံ့ ကုသိုလ်တရား—ဝိပါက် ဆုံးသော၊ ကြိယာဝီသ အကုန်ကောက်ပါ။

ပဋိသန္ဓေဖြစ်အံ့ ပဋိသန္ဓေစိတ် ၁၉-ခုနှိဝီသအကုန်ကောက်ပါ။

ဟိတ်ပါဠိကား—နာမ်အာဟာရ တရားကိုယ် ၃-ပါးပစ္စည်းတရားတို့၏ နာမ်အာဟာရ သတ္တိပင်ရ၏။

ရုပ်သက်သက်ဖြစ်အံ့ ကုသိုလ်တရားကား— ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ် ၁၀, ဟေဋ္ဌာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ အာဟာရဇမဟာဘုတ် ကိုစွဲ၍ ဖြစ်သော မဟာဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ၊

ပဋိသန္ဓေကမ္မဇဥပါဒါ၊ အာဟာရဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

အာဟာရပစ္စယာ – ဟိတ်ပါ၄အရကား– စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားတို့၏ နာမ်အာဟာရ သတ္တိ၊ အာဟာရဇရုပ် အားတပ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာပစ္စည်း တရားတို့၏ ရုပ်အာဟာရသတ္တိရ၏။

(၁၉) ကုဗျာ-ဗျာ နှင့် အကုဗျာ-ဗျာ တို့တူကြပြီ၊ ရှေ့နည်းကိုမှီး၍ကောက်ပါ။

အမှာ။ ။ဟေတု,ဈာန,မဂ္ဂတို့မှာ စိတ္တဇနှင့် ပဋိသန္ဓေကမ္မဇရုပ် ၂-မျိုးသာရ၍ အာဟာရမှာ အာဟာရဇရုပ်တမျိုးပိုလာသဖြင့် ရုပ် ၃-မျိုး ရ၏။

## ၅-ဣန္ဒြိယပစ္စည်း

(၁) ကု-ကု
(၂) ကု-ဗျာ
(၃) ကု-ကုဗျာ

၃-ချက်လုံးကတ္တားတူ၏၊ ဟိတ်ပါ၄– နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားတို့၏သဟဇာတိန္ဒြိယသတ္တိရ၏။

| | |
|---|---|
| (၄) အကုသိုလ်-အကုသိုလ်<br>(၅) အကုသိုလ်-အဗျာကတ<br>(၆) အကုသိုလ်-အကုသိုလ်အဗျာကတ | ၃-ချက်လုံး ကတ္တားတူ၏၊ ဟိတ်ပါင်-ဇီဝိတ,စိတ်,ဝေဒနာ,ဝီရိယ, ဧကဂ္ဂတာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏သဟဇာတိန္ဒြိယသတ္တိ ရ၏။ |

(၇) ဗျာ-ဗျာ ၌—ပဝတ္တိအခါ ကတ္တားကား—ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သောစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဣန္ဒြိယပစ္စယာ-ဟိတ်ပါင်အရကား— သမ္ပယုတ္တက္ခန္ဓာအားရင်း, သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခု တခု၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဟုဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ၊

စက္ခုဝိညာဉ် ဒွေအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောစက္ခုန္ဒြေ (လ)ကာယဝိညာဉ် ဒွေအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယိန္ဒြေ ပစ္စည်းတရားတို့၏ ဝတ္ထုပုရေဇာတိန္ဒြိယ သတ္တိ ရ၏။

ပဋိသန္ဓေအခါဖြစ်အံ့ ကတ္တား – ပဋိသန္ဓေစိတ် ကျေနုဝိသ (လ)ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိတ်ပါဌ်အရကား – သမ္ပယုတ္တက္ခန္ဓာအားရင်း (လ)နာမ် ဣန္ဒြေတရားကိုယ် ၈-ပါးပစ္စည်း တရားတို့၏ သဟဇာတိန္ဒြိယ သတ္တိ ရ၏။

ရုပ်သက်သက်ဖြစ်အံ့ ကတ္တားကား – ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊ ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူ ဉပါဒ်သော ပဋိသန္ဓေ ကမ္မဇမဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော စိတ္တဇဉပါဒါ၊ ပဋိသန္ဓေကမ္မဇဉပါဒါ၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇဉပါဒါ၊ ပဝတ္တိ-ကမ္မဇ ဉပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဣန္ဒြိယပစ္စယာ·ဟိတ်ပါဌ်အရကား – စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏ တခု တခု၌ရှိသော နာမ်ဣန္ဒြေတရား ကိုယ် ၈-ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ၊

ရုပ်ဇီဝိတိန္ဒြေကြဉ်သော အသညသတ်ကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်အားတပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ ရူပဇီဝိတိန္ဒြိယသတ္တိ ရ၏။

(ဂ) ကုဗျာ-ဗျာ—ကတ္တားတူပြီ၊ ဟိတ်ပါဌ်အရ— နာမ်ဇီဝိန္ဒြေတရားကိုယ် ဂ-ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ ရ၏။

(ဃ) အကုဗျာ-ဗျာ— ကတ္တားတူပြီ၊ ဟိတ်ပါဌ်အရ— နာမ်ဇီဝိန္ဒြေ တရားကိုယ် ၅-ပါး ပစ္စည်းတရားတို့၏ သဟဇာတိန္ဒြိယသတ္တိ ရ၏။

အမှာ။　။ ရူပိန္ဒြိယပစ္စည်းမှာ စိတ္တဇ, ပဋိသန္ဓေကမ္မဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ-ဟု ရုပ် ၄-မျိုး ရှိ၏။

## ၆-ကမ္မပစ္စည်း

(၁) ကု-ကု ဌ်—ကတ္တားအရကား—ကုသိုလ်စိတ် စေတီသ၊ စေတသိက် အဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော ကုသိုလ်စိတ် စေတီသ၊ စေတနာကြဉ်သော စေတသိက် သတ္တတိံသ အစိတ် အစိတ်နာမက္ခန္ဓာ ပဋ္ဌယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ—ဟိတ်ပါဌ်အရကား——သမ္ပယုတ္တက္ခန္ဓာအား တပ်သော ကုသိုလ်စိတ် စေတီသ၊ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ ရ၏။

(၂) ကု-ဗျာ ဌ်—ကတ္တားအရကား—ဟေတုနှင့် တူ၏။

ကမ္မပစ္စယာ-ဟိတ်ပါဌ်အရကား-စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် စေတီသ၊ စေ-

တသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ ရ၏။

(၃) ကု-ကုဗျာ ၌– ကတ္တားအရကား – ပဋ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ ဖြစ်သော ကုသိုလ်စိတ် ကေဝီသ၊ စေတနာကြဉ်သော စေတသိက် သတ္တတိံသ အစိတ် အစိတ်နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန် တရားရ၏။

ကမ္မပစ္စယာ–ဟိတ်ပါဌ်အရကား – သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ ရ၏။

(၄) အကု-အကု ၌– ကတ္တားအရကား – အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်စိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရား ရ၏။

ကမ္မပစ္စယာ – ဟိတ်ပါဌ် အရကား – သမ္ပယုတ္တက္ခန္ဓာအား တပ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားတို့၏သဟ-ဇာတကမ္မသတ္တိ ရ၏။

(၅) အကု-ဗျာ ၌-ကတ္တားအရကား – ဟေတုနှင့် တူ၏။

ကမ္မပစ္စယာ–ဟိတ်ပါဌ်အရကား —— စိတ္တဇရုပ်အားတပ်သော အကုသိုလ်စေတနာကောက်ပါ။

(၆) အကု-အကုဗျာ ဋ္ဌ-ပဋိသန္ဓေဝါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ-ဟိတ်ပါဌ်အရကား – သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တနုတခု၌ ရှိသော စေတနာ ပစ္စည်းတရားတို့၏ သဟဇာတကမ္မသတ္တိ ရ၏။

အမှာ။ ။ပစ္စယုပ္ပန်တွင် စေတနာရှိလျှင် ကြဉ်ရမည်။

(၇)ဗျာ-ဗျာ ပဝတ္တိအခါ ကတ္တားအရကား – ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ကြိယာစေတနာကြဉ်သော စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ- ဟိတ်ပါဌ်အရကား —သမ္ပယုတ္တက္ခန္ဓာအားရင်း, သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ

စိတ္တက္ခဏ တခု တခု၌ရှိသော စေတနာပစ္စည်း တရားတို့၏ သဟဇာတကမ္မသတ္တိ၊ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအား တပ်သော အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိ ရ၏။

ပဋိသန္ဓေအခါ ကတ္တားအရကား – ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ် အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ- ဟိတ်ပါဌ်အရကား— သမ္ပယုတ္တက္ခန္ဓာအား ၎င်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အား၎င်း တပ်သော ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ သဟဇာတ ကမ္မသတ္တိ၊ ပဋိသန္ဓေစိတ် ကျေနဝိသ နာမက္ခန္ဓာ၊ ကဋတ္တာ ရုပ်အားတပ်သော ဥဒ္ဒစ္စကြဉ် အကုသိုလ်စေတနာ ၁၁-ခု၊ မဟာကုသိုလ်စေတနာ ၈-ခု၊ ရူပကုသိုလ်စေတနာ ၅-ခု၊ အရူပကုသိုလ်စေတနာ ၄-ခု ပစ္စည်းတရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိ ရ၏။

ရုပ်သက်သက် ဖြစ်အံ့ ကတ္တားအရကား – ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄, ဒွေပဉ္စဝိညာဉ်တဆယ်, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇ မဟာဘုတ်၊ ပဉ္စဝေါကာရပဋိသန္ဓေပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ အသညသတ်

ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော စိတ္တဇဥပါဒါ၊ ပဋိသန္ဓေကမ္မဇ ဥပါဒါ၊ အသညသတ် ကမ္မဇဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယာ- ဟိတ်ပါဠ် အရကား—စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀,ရဟန္တာတို့ စုတိကြည် သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာနာမက္ခန္ဓာ စိတ္တ- က္ခဏ တခု တခု၌ရှိသော စေတနာပစ္စည်းတရားတို့၏ သဟ- ဇာတကမ္မသတ္တိ၊ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဥဒ္ဓစ္စ ကြည် အကုသိုလ်စေတနာ ၁၁၊ မဟာကုသိုလ်စေတနာ ၈၊ ရူပကုသိုလ်စေတနာ ၅-ခု၊ ပဝတ္တိကမ္မဇရုပ်အား တပ်သော အကုသိုလ်စေတနာ ၁၂၊ မဟာကုသိုလ်စေတနာ ၈-ခု၊ ရူပ ကုသိုလ်စေတနာ ၅-ခု၊အသညသတ် ကမ္မဇရုပ်အားတပ်သော ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စေတနာ ပစ္စည်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိရ၏။

(၈) ကုဗျာ-ကု　｝ကု-ဗျာ—အကု ဗျာတို့နှင့် တူ၏၊
(၉) အကုဗျာ-အကု ｝သဟဇာတကမ္မသာရ၏။

**အမှာ။** ။ကမ္မပစ္စည်းတွင် ကုပဒ ၃-ချက်၊ အကုပဒ ၃-ချက် ကုဗျာပဒ ၁-ချက်၊ အကုဗျာပဒ ၁၊ ပေါင်း ၈-ချက်မှာ သဟဇာတကမ္မသာရ၏၊ ဗျာပဒတွင် ပဝတ္တိ,ပဋိသန္ဓေ,ရုပ်သက်သက်ဟု သုံးဌာနရှိရာ ၃-ဌာနလုံးမှာပင် သဟဇာတ- ကမ္မ, နာနာက္ခဏိကကမ္မ ၂-မျိုးစီ ရကြ၏၊

အထူးသဖြင့် ပဋိစ္စဝါရ၏ ဟိတ်ပါဋ္ဌ်အရကောက်တို့သည် (ရုပ်သက်သက်မှတပါး) ပဋ္ဌာဝါရကတ္တားပါဋ္ဌ်အရကိုသာ ကောက်ရသည်။

## ၇-အဓိပတိပစ္စည်း

(၁) ကု-ကု ၌—ကတ္တား အရကား—အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ်၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော မဟာကုသိုလ်စိတ် ၈-ခု၊ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဓိပတိပစ္စယာ-ဟူသော ဟိတ်ပါဋ္ဌ်အရကား—သမ္ပယုတ္တက္ခန္ဓာအား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိ တရားကိုယ် ၃-ပါး, ၄-ပါးတို့ဘွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ၊ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ၊ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သောလောကီကုသိုလ်သတ္တရသ၊ အောက်မဂ် ၃-ခု၊ အောက်ဖိုလ်၃-ခု၊ နိဗ္ဗာန် ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိရ၏။

(၂) ကု-ဗျာ ၌—ကတ္တားအရကား– ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ် ဂ-ခု၊ကေန် ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊မဂ် ၄-ခု၊စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ကုသိုလ်သည် ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

အဓိပတိပစ္စယာ—ဟူသော ပါဠိတ်ပါဌ်အရကား—သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ် ဂ-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိရ၏။

(၃) ကု-ကုဗျာ ၌— ကတ္တားအရကား – ပဥ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ဂ-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ် သော မဟာကုသိုလ်စိတ် ဂ-ခု၊ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ - ပါဠိတ်ပါဌ်အရကား– သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော (လ)သဟဇာတာဓိပတိ သတ္တိ၊ အာရမ္မဏာဓိပတိကို ကု-ကုအတိုင်း ကောက်ပါ။

(၄) အကု-အကု ဌ—ကတ္တားကား– အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ဆဗ္ဗိသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ဆဗ္ဗိသ အစိတ်စိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ– ဟိတ်ပါဌ် အရကား– သမ္ပယုတ္တက္ခန္ဓာ အားတပ်သော အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ဆဗ္ဗိသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိ၊ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု အားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆-ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခုဟု ဆိုအပ်သော အာရုံ ၆-ပါး ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ ရ၏။

(၅) အကု-ဗျာ ဌ— ကတ္တား– ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ဆဗ္ဗိသ အစိတ်အပေါင်း နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အကုသိုလ်သည် ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ-ဟိတ်ပါဌ်အရကား—သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ်စေတသိက် ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိ သတ္တိ ရ၏။

(၆) အကုအကုဗျာ ၌— ကတ္တားအရကား– ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ဖြစ်သော အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိ တရားကိုယ်ကြဉ်သော လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဗ္ဗီသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ – ဟိတ်ပါဌ်အရကား – သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော (လ) သဟဇာတာဓိပတိသတ္တိ၊ အာရမ္မဏာဓိပတိကို အကု-အကု အတိုင်း ကောက်ပါ။

(၇) ဗျာ-ဗျာ ၌–ပဝတ္တိအခါ ကတ္တားအရကား–အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကြိယာစိတ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော မဟာကြိယာစိတ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊

ဖိုလ် ၄-ခု၊ စေတသိက် အဌတီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ – ဟိတ်ပါဌ် အရကား – သမ္ပယုတ္တက္ခန္ဓာ အားရင်း, သမ္ပယုတ္တက္ခန္ဓာ သာဓိပတိစိတ္တဇရုပ်အားရင်း တပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာစိတ် ၈-ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ် ၄-ခု စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ၊ အလေးအမြတ် ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခုအား တပ်သော အလေးအမြတ်ပြုအပ်သောအရဟတ္တမဂ်,အရဟတ္တဖိုလ်,နိဗ္ဗာန်,ဖိုလ် ၄-ခုအားတပ်သော နိဗ္ဗာန်ပစ္စည်းတရားတို့၏ အာရမ္မဏာဓိပတိသတ္တိ ရ၏။

ရုပ်သက်သက်ဖြစ်အံ့ ကတ္တားအရကား – ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ သာဓိပတိ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သာဓိပတိ စိတ္တဇမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့် တကွသော သာဓိပတိစိတ္တဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိပစ္စယာ — ဟိတ်ပါဌ် အရကား — သာဓိပတိ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ သာဓိပတိ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမက္ခန္ဓာ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာဓိပတိသတ္တိ ရ၏။

(ဂ) ကုဗျာ-ဗျာ ၌ – ကတ္တားအရကား— ပဋိစ္စဝေါကာရ ဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ဂ-ခု၊ ကြွင်းရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ် ၄-ခု၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ, အစိတ်အပေါင်း မဟာဘုတ်ကို စွဲ၍ဖြစ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

အဓိပတိပစ္စယာ – ဟိတ်ပါ၌အရကား – ကုဗျာနှင့်တူ၏။

(၉) အကုဗျာ-ဗျာ – အကု-ဗျာကို မှီး၍ကောက်လေ။

## ဂ-သဟဇာတပစ္စည်း

(၁) ကု-ကု ၌–ကတ္တားအရကား – ဟေတုနှင့်တူ၏။

သဟဇာတပစ္စယာ– ဟိတ်ပါ၌အရကား— အချင်းချင်း အားတပ်သော ကုသိုလ်စိတ် ကောဝိသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

(၂) ကု-ဗျာ ၌–ကတ္တားအရကား--ဟေတုနှင့်တူ၏။

သဟဇာတပစ္စယာ– ဟိတ်ပါ၌အရကား– စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကောဝိသ၊ စေတသိက် အဋ္ဌတိံသ အစိတ် အပေါင်း နာမက္ခန္ဓာ (အချင်းချင်းအားရင်း,ဥပါဒါရုပ်အားရင်း တပ်သော မဟာ ဘုတ် ၄-ပါး) ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

(၃) ကု-ကုဗျာ –ကတ္တားအရကား –ဟေတုနှင့်တူ၏။

သဟဇာတပစ္စယာ – ဟိတ်ပါ၌အရကား – အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋိသန္ဓေဝေါကာရအခါ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ (အချင်းချင်းအားရင်း, ဥပါဒါရုပ် အားရင်း တပ်သော မဟာဘုတ် ၄-ပါး) ပစ္စည်းတရားတို့၏ သဟဇာတသတ္တိရ၏။

အမှာ။ ။ပစ္စယုပ္ပန်တရားတွင် ရုပ်ရှိလျှင် (အချင်းချင်း အားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် ၄-ပါး) ဤတရားကို ဟိတ်ပါ၌ အရတွင် ထည့်၍ ကောက်ပါ။

(၄) အကု–အကု
(၅) အကု–ဗျာ
(၆) အကု–အကုဗျာ

ကုပဒ ၃-ချက်ကို မှီး၍ကောက်ပါ၊ အကုသိုလ် စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ဆိုရုံမျှသာ ထူး၏။

(၇) ဗျာ-ဗျာ – ပဝတ္တိအခါ ကတ္တားအရကား – ဝိပါက် ဆတ္တိံသ၊ ကြိယာဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာသည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာ- ဟိတ်ပါ၌အရကား – အချင်းချင်း အားရင်း, အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားရင်း တပ် သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက်

အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်း အားရင်း, ဥပါဒါရုပ်အားရင်းတပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

ပဋိသန္ဓေအခါ ဗျာ-ကတ္တားအရကား— ပဋိသန္ဓေစိတ် ကျေနုဝိသ၊ စေတသိက် ပဥ္စတိံသ အစိတ်အစိတ်, ဒွိစိတ် အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ဖြစ်သော ပဋိသန္ဓေ စိတ် ကျေနုဝီသ၊ စေတသိက် ပဥ္စတံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

သဟဇာတပစ္စယာ– ဟိတ်ပါဠိအရကား– အချင်းချင်း အားရင်း, အချင်းချင်း နာမက္ခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော ပဋိသန္ဓေစိတ် ကျေနုဝိသ၊ စေတသိက် ပဥ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ် အားရင်း တပ်သော မဟာဘုတ် ၄-ပါး၊ အချင်းချင်းအား တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိရ၏။

ရုပ်သက်သက်ဖြစ်အံ့ ကတ္တားအရကား– ပဥ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဥ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇ မဟာဘုတ်၊ ပဥ္စဝေါကာရပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာ ဘုတ်၊အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိ ကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော မဟာဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ၊ပဋိသန္ဓေကမ္မဇဥပါဒါ၊

ဗာဟိရဥပါဒါ၊ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ၊ အသညသတ်ကမ္မဇဥပါဒါ၊ ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရ၏။

သဟဇာတပစ္စယာ-ဟိတ်ပါဋ်အရကား — စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ အစိတ်အစေါင်း နာမက္ခန္ဓာ၊ အချင်းချင်းအားရင်း, ဥပါဒါရုပ်အားရင်း တပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့၏ သဟဇာတသတ္တိ ရ၏။

(၈) ကုဗျာ-ဗျာ ၌ — ကု — ဗျာကို မှီး၍ ကောက်ပါ။

(၉) အကုဗျာ-ဗျာ ၌ — အကု-ဗျာကို မှီး၍ ကောက်ပါ။

## ၉-အညမညပစ္စည်း

(၁) ကု — ကု<br>
(၂) အကု — အကု } သဟဇာတနှင့် တူ၏။

(၃) ဗျာ — ဗျာ-ပဝတ္တိအခါ ကတ္တားအရကား — ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာကို စွဲ၍ဖြစ်သော ဝိပါက်စိတ်ဆတ္တိံ-သ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာ—ဟိတ်ပါဋ် အရကား — အချင်းချင်းအား တပ်သော ဝိပါက် ဆတ္တိံသ၊ ကြိယာ ဝီသ၊ စေတသိက်

အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ အည-
မညသတ္တိ ရ၏။

ပဋိသန္ဓေအခါ ကတ္တားအရကား – ပဋိသန္ဓေစိတ် ကျေန-
ဝီသ၊ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်း
နာမက္ခန္ဓာ ဟဒယဝတ္ထုကို စွဲ၍ ဖြစ်သော ပဋိသန္ဓေစိတ်
ကျေနဝီသ၊ စေတသိက် ပဉ္စတိံသ၊ အစိတ်အစိတ်, အစိတ်
အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာ-ဟိတ်ပါဌ်အရကား – အချင်းချင်းအား
ၡင်း, အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထုအားၡင်းတပ်သော
ပဋိသန္ဓေစိတ် ကျေနဝီသ၊စေတသိက် ပဉ္စတိံသ အစိတ်အစိတ်
နာမက္ခန္ဓာ၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရပဋိ-
သန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ အညမည
သတ္တိ ရ၏။

ရုပ်သက်သက်ဖြင့်အံ့ ကတ္တားအရကား – ပဉ္စဝေါကာရ
ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာ
တို့၏ စုတိကြဉ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ
နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇမဟာဘုတ်၊
ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟ အတူဥပါဒ်
သော ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာ-
ဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇ
မဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်ကို စွဲ၍ဖြစ်သော ၇-မျိုး
သော မဟာဘုတ် ၄-ပါး ပစ္စယုပ္ပန်တရား ရ၏။

အညမညပစ္စယာ - ဟိတ်ပါဌ်အရကား – အချင်းချင်းတပ်
သော မဟာဘုတ် ၄-ပါးပစ္စည်းတရားတို့၏ အညမညသတ္တိရ၏။

## ၁၀-နိဿယပစ္စည်း

(၁) ကု-ကု } ၎င်း ၃-ချက် သဟဇာတနှင့် တူ၏။
(၂) ကု-ဗျာ } အထူးမှာ ၁-နှင့် ၃-ဟိတ်ပါဌ် အရ
(၃) ကု-ကုဗျာ } တွင် ဝတ္ထုပုရေဇာတ ထည့်၍ ကောက်ပါ။ ဝတ်ပု-ဟိတ်ပါဌ်အရကား-ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်ဖြစ်သော ကုသိုလ်စိတ် ကေ-ဝိသအားတပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဝတ္ထာ-မရဏာသန္နအခါ, ကုသိုလ်မရဏာသန္နဇော ၅-ချက်အားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ဝတ္ထုပုရေဇာတနိဿယသတ္တိ ရ၏။

(၄) အကု-အကု } ၎င်း ၃-ချက် သဟဇာတနှင့်
(၅) အကု-ဗျာ } တူ၏။အထူးမှာ ၁-နှင့် ၃-ဟိတ်
(၆) အကု-အကုဗျာ } ပါဌ်အရတွင် ဝတ္ထုပုရေဇာတ ထည့်၍ကောက်ပါ။ဝတ်ပု-ဟိတ်ပါဌ်အရကား-ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်ဖြစ်သော အကုသိုလ်စိတ် ဒွါဒသအားတပ်သော ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဝတ္ထာ-မရဏာသန္နအခါ အကုသိုလ် မရဏာသန္နဇော ၅-ချက်အား တပ်သော စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ဝတ္ထုပုရေဇာတနိဿယသတ္တိ ရ၏။

(၇) ဗျာ-ဗျာ – ပဝတ္တိ ကတ္တားအရကား – သဟဇာတ နှင့် တူ၏။

ဟိတ်ပါဠ်၌အရ – သဟဇာတနိဿယ – သဟဇာတအတိုင်း ပင်။ ဝတ် ပု – စက္ခုဝိညာဉ် ဒွေအားတပ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု (လ) ကာယဝိညာဉ် ဒွေအားတပ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု၊ ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ - ခု, ဒွေပဉ္စ-ဝိညာဉ် ၁၀-ကြဉ်သော ပဋ္ဌမဘဝင် အစရှိသော နောက်နောက် သော ဝိပါက် ဗီဝီသ၊ ကြိယာ ဝီသအားတပ်သော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု၊ ဝတ္ထာ – မရဏာသန္နအခါ ပဉ္စဝေါကာရ ဘဝင်ပဉ္စဒွါ ၁၅-ခု, အာဝဇ္ဇန်းဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, ဝုဋ္ဌော, ကြိယာ မရဏာသန္နဇော ၅-ချက်, တဒါရုံ, စုတိအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ နိရောဓ– နိရောဓ သမာပတ်မှ ထသောအခါ ရှေးဖြစ်သော (စိတ်နှင့် အတူ ဥပါဒ်သော) ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ ဝတ္ထု-ပုရေဇာတနိဿယသတ္တိ ရ၏။

ပဋိသန္ဓေနှင့် ရုပ်သက်သက် သဟဇာတနှင့် တူ၏။

(၈-၉) ကုဗျာ-ဗျာ နှင့် – အကုဗျာ-ဗျာလည်း သဟ-ဇာတနှင့် တူ၏။

အမှာ။ ။နိဿယပစ္စည်း သင်္ချာ-န၀ ၉-ချက်လုံးပင် သဟဇာတနှင့်အတူ ကောက်ရ၏။ ကု-ကု၊ ကု-ကုဗျာ၊ အကု-အကု၊ အကု-အကုဗျာနှင့် ဗျာ-ဗျာ ပဝတ္တိတို့တွင်သာ ဝတ္ထုပုရေဇာတ-နိဿယ, ဝတ္ထာရမ္မဏပုရေဇာတနိဿယကို ဟိတ်ပါဠိအရ ထည့်ကောက်ရ၏။

## ၁၁-ပုရေဇာတပစ္စည်း

